## Kaliningrad မှ က နေသော သစ်တော

**စာရေးသူ.....သက်တန့်ချို (၅.၄.၁၀)**



သင်ဟာ သစ်တောတစ်ခုထဲကို ဝင်သွားမယ်ဆိုရင် ဖြောင့်တန်းနေတဲ့ သစ်ပင်တွေနဲ့ အလားတူ အပင်တွေကိုပဲ တွေ့မြင် နိုင်ပါတယ်။ ကောင်းပါပြီ ကျွန်တော်တို့ ဆက်ပြီးလေ့လာကြည့်ရအောင်။ ကမ္ဘာလောကကြီးပေါ်မှာ ပုံ သဏ္ဍာန် မမှန်တဲ့ သစ်ပင်တွေနဲ့ ဖွဲ့စည်းထားတဲ့ တောအုပ်လေးကို သင့်ကို အလည်ခေါ်သွားပါ့မယ်။ သင်ဟာ ဒီ တောအုပ်လေးကို လိုက်မယ်ဆိုရင်တော့ သရဲ တစ္ဆေနဲ့ ကြောက်မက်ဖွယ် ပုံသဏ္ဍာန်တွေကိုတော့ ခံနိုင်ရည် ရှိဖို့ လိုပါတယ်။









ဒီလို အပင်မျိုးတွေကို သင်တွေ့မြင်ရတဲ့အခါ သင်ထိတ်လန့်မိမှာ အမှန်ပါပဲ ။ ဒီတောအုပ်လေးဟာ Kaliningrad မှာ တည်ရှိပါတယ် ။ သစ်ပင်တွေအကုန်လုံးဟာ အဖုတွေနဲ့ ကွေးကောက်နေပြီး ထူးဆန်းတဲ့ အခွေအခေါက် ပုံ သဏ္ဍာန် တွေ ရှိနေတာကြောင့် ဒေသခံလူတွေက Dancing Forest ( ကနေသောသစ်တော ) လို့ခေါ် တွင်ကြ ပါတယ် ။ ဒီသစ်တောကို သင်သွားချင်တယ်ဆိုရင်တော့ Kaliningrad အနီးမှာ ရှိတဲ့ Curonian Spit မှာ တွေ့နိုင် ပါတယ် ။